

# အမျိုးသားအဆင့်
# အစားအသောက်
# ဘေးအန္တရာယ် ကင်းရှင်းရေး
# မူဝါဒ
















Hand
Sanitizer
99.99%

EUROPEAN UNION

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

TDP
Trade Development Programme

Implemented by:

giz Deutsche G ese
lls chaft fur
Intern ion ale

# မာတိကာ

**ပါဝင်သည့် အကြောင်းအရာများ ........ 1**

**ဥယျောဇဉ် ........ 2**

**အတိုကောက် အခေါ်အဝေါ်များ ........ 4**

**၁။ နိဒါန်း ........ 6**

**၂။ မူဝါဒအမြင် ........ 9**

၂.၁ မူဝါဒ၏ နယ်ပယ် ........ 9

၂.၂ မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ........ 9

**၃။ သက်ဆိုင်ရာပါဝင်သူများ ........ 11**

**၄။ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ ........ 9**

**၅။ မူဝါဒ၏ ရည်မှန်းချက်များ ........ 15**

**၅၁. ပင်မရည်ရွယ်ချက်များ**

**စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ပြီး ကုန်သွယ်ရေးတွင် လွယ်ကူချောမွေ့စေရေးပံ့ပိုးရန် ........ 18**

**၅ ၂.အထူးပြုရည်ရွယ်ချက်**

**ဈေးကွက်တင်မည့် ပြည်တွင်းထုတ် စားသောက်ကုန်များနှင့် ပြည်ပမှ တင်သွင်းစားသောက်ကုန်များ ပြည်သူလူထု စားသုံးရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းရန် သေချာစေခြင်း ........ 18**

**၅.၂.၁ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၁) ........ 14**

**၅.၂.၂ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၂) ........ 21**

**၅.၂.၃ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၃) ........ 22**

**၅.၂.၄ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၄) ........ 22**

**၅.၂.၅ လုပ်ငန်းဖော်ဆောင်ရန် ပန်းတိုင် (၅) ........ 23**

**၅.၂.၆ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၆) ........ 23**

**၅.၂.၇ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၇) ........ 24**

**၆. ယူဆချက်များနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ ........ 20**

**အညွှန်း ........ 27**

## ဦးဟောင်ချမ်း

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအနေဖြင့် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ရခြင်းသည်လည်း ကျွန်ုပ်၏ အဓိကကျသော ရည်မှန်းချက်များအနက်မှ တစ်ခုဖြစ်ပါသည်။ လူအများ နေ့စဉ်စားသုံးသည့် အစားအသောက်များသည် ကျွန်ုပ်တို့အတွက် ကောင်းမွန်သော သုခချမ်းသာနှင့် ကျန်းမာရေးကို ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့် စားသုံးသူအများ နေ့စဉ်စားသုံးသော အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းကြောင်း သေချာစေရန် အရေးကြီးလှပါသည်။ ဘေးအန္တရာယ်မကင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ချက်ချင်းလက်ငင်း ကျန်းမာရေး ဆိုးကျိုးများရရှိနိုင်သလို အချို့ကိစ္စရပ်များတွင် နာတာရှည် ရောဂါဆိုးများအထိလည်း ဖြစ်ပွား တတ်ပါသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံး အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်မှာ အစိုးရဌာန အဖွဲ့အစည်းများ၏ တာဝန်ဝတ္တရား ဖြစ်လာပါသည်။ နိုင်ငံတော်အတွင်းရှိ စားသုံးသူ အယုတ်အလတ် အမြတ်မရွေး ထိရောက်စွာ ကာကွယ်စောင့်ရှောက် နိုင်ရေးအတွက် အစိုးရ အဖွဲ့အစည်းများ အချင်းချင်း လိုက်လျောညီထွေဖြစ်ပြီး တစ်သမတ်တည်း ထိရောက်သော နည်းနာကျစည်းမျဉ်း စည်းကမ်းများဖြင့် ထိန်းကျောင်း ကွပ်ကဲနိုင်ရန် အရေးကြီးပါသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အတွင်း အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ထိန်းချုပ်ကွပ်ကဲမှု စနစ်အားကောင်း လာစေရေးအတွက် ခြေလှမ်းတစ်ရပ်အနေဖြင့် အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး မူဝါဒ တစ်ရပ် ချမှတ်နိုင်ရေးသည် လွန်စွာ အရေးပါလှပါသည်။ ယခု မူဝါဒမူဘောင်သည် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် တာဝန်ရှိသော အစိုးရအဖွဲ့အစည်းများ အနေဖြင့် လက်ကိုင်ပြုစရာသော့ချက် ဥပဒေသများ ဖြင့် တည်ဆောက်ထားကာ ယင်းတို့ကိုစွဲကိုင်လျက် သင့်လျော်သော ဥပဒေ စည်းမျဉ်းစည်းကမ်းများ ဖော်ဆောင်ပြီး အစားအသောက် လုပ်ငန်း လုပ်ကိုင်သူများကို အစားအသောက် ကွင်းဆက်တစ်လျှောက် နိုင်ငံတကာ အသိအမှတ်ပြု အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ဥပဒေသများနှင့် အလေ့အကျင့်ကောင်းများအတိုင်း လိုက်နာ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲ နိုင်မည်ဖြစ်ပါသည်။ ယခု ဥပဒေသများကို မှီငြမ်းပြီး အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ထိန်းချုပ်ရေး စနစ်၏ မဟာဗျူဟာမြောက် ပန်းတိုင်များ၊ လုပ်ငန်း စီမံကိန်းများကိုလည်း ချမှတ်နိုင်မည်ဖြစ်ပါသည်။

ယခု မူဝါဒ ဖြစ်ပေါ်ရေး နှီးနှောတိုင်ပင်ခြင်း၊ ပြုစုခြင်း တစ်လျှောက် ပါဝင်ဆောင်ရွက်ခဲ့ကြသော သက်ဆိုင်ရာ အစိုးရ ဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ပညာရှင်များနှင့် ကူညီပံ့ပိုးပေးကြသူများကိုလည်း များစွာကျေးဇူး တင်ရှိပါကြောင်း ပြောကြားလိုပါသည်။ စိုက်ပျိုးရေးကို အခြေခံသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အနေဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်းကာ ကူးသန်းရောင်းဝယ်နိုင်သည်အထိ ယခုမူဝါဒကို ရှေ့ဆက်လက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်ကြစေရေး ကျွန်ုပ်အနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## အတိုကောက် အခေါ်အဝေါ်များ

**ASEAN:** Association of Southeast Asian Nations အာဆီယံ

**CDC:** City Development Committee စည်ပင်သာယာရေး ကော်မတီ

**DOA:** Department of Agriculture စိုက်ပျိုးရေး ဦးစီးဌာန

**DOF:** Department of Fisheries ငါးလုပ်ငန်း ဦးစီးဌာန

**DOH:** Department of Health ကျန်းမာရေး ဦးစီးဌာန

**FAO:** Food and Agriculture Organization of the United Nations ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့

**FDA:** Food and Drug Administration အစားသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန

**GDP:** Gross Domestic Product စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်းဖိုး

**GSP:** Generalized Scheme of Preferences ကုန်သွယ်ခွန် လျှော့ချရေး ယေဘုယျအစီအစဉ်

**LBVD:** Livestock Breeding & Veterinary Department တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

**MCDC:** Mandalay City Development Committee မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**MOALI:** Ministry of Agriculture, Livestock and Irrigation စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**MOC:** Ministry of Commerce စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**MOHS:** Ministry of Health and Sport ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန

**MOHA:** Ministry of Home Affairs ပြည်ထဲရေး ဝန်ကြီးဌာန

**MOPFI:** Ministry of Planning, Finance and Industry စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

**NCDC:** Nay Pyi Taw City Development Committee နေပြည်တော် စည်ပင်သာယာရေး ကော်မတီ

**OIE:** World Organization for Animal Health ကမ္ဘာ့ တိရစ္ဆာန် ကျန်းမာရေးအဖွဲ့

**PH:** Public Health ပြည်သူ့ကျန်းမာရေး

**PPD:** Plant Protection Division သီးနှံကာကွယ်ရေး ဌာနခွဲ

**SPS:** Sanitary and Phytosanitary Measures အစားအစာလုံခြုံ စိတ်ချရေးနှင့် အပင်ပိုးမွှား

ရောဂါကင်းရှင်းကြောင်း အစီအမံများ

**TBT:** Technical Barriers to Trade ကုန်သွယ်ရေးဆိုင်ရာ နည်းပညာ အတားအဆီး

**WHO:** World Health Organization ကမ္ဘာ့ကျန်းမာရေးအဖွဲ့

**YCDC:** Yangon City Development Committee ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

# ၁။ နိဒါန်း

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် အာရှ၏ အချက်အခြာကျသော နေရာတွင်တည်ရှိပြီး သဘာဝ သယံဇာတ ပေါကြွယ်ဝကာ လူငယ်ဦးရေများပြားခြင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကျယ်ပြန့်သော အတန်အသင့် ကြီးမားသည့် ဈေးကွက်ရှိခြင်းတို့ကြောင့် စီးပွားရေး ဈေးကွက်ချဲ့ထွင်ရန် ခိုင်မာသော အလားအလာ ကောင်းရှိသည့် နိုင်ငံတစ်ခု ဖြစ်ပါသည်။ (အညွှန်း ၁)။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရန် တက်ကြွစွာ လုပ်ဆောင်လျက်ရှိပြီး စိုက်ပျိုးရေး နှင့် စိုက်ပျိုးရေး ထွက်ကုန်ကဏ္ဍ များသည် နိုင်ငံတော်၏ စီးပွားရေး အဓိက ထောက်တိုင်ဖြစ်သဖြင့် လုပ်အားသွင်းအားစု ၏ ၇၀% သည် စိုက်ပျိုးရေး ကဏ္ဍတွင် ရှိနေပါသည်။ စားသုံးဆီနှင့် ဆန်စပါး ထုတ်လုပ်ရေး တို့မှာ နိုင်ငံတော် စားသောက်ကုန်ထုတ်လုပ်မှု ကဏ္ဍ၏ သုံးပုံနှစ်ပုံခန့် ရှိပါသည်။ (အညွှန်း ၂)။ နိုင်ငံတော်၏ ဂျီဒီပီ ၃၈% နှင့် ပို့ကုန် အားလုံး၏ ၂၃% မှာလည်း စိုက်ပျိုးရေး ကဏ္ဍ မှ ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းတွက်ချက်ထားပါသည်။ (အညွှန်း ၃)

အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ပေါ်ထွန်းလာစေရန်မှာ မြန်မာနိုင်ငံ အဖွဲ့ဝင်အဖြစ် ပါဝင်သော အာဆီယံ အဖွဲ့နှင့် အဖွဲ့ဝင်များ၏ သန္နိဋ္ဌာန်လည်း ဖြစ်ပါသည်။ ခရီးသွားကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ တို့ကဲ့သို့ပင် စိုက်ပျိုးရေးကဏ္ဍနှင့် အစားအသောက် ကဏ္ဍတို့အကြားတွင် ပြည်တွင်းရော ပြည်ပပို့ကုန်များအဖြစ်ပါ ဈေးကွက်ချဲ့ထွင်ရန် အခွင့်အလမ်းကောင်းများ ရှိနေပါသည်။ ဥရောပသမဂ္ဂ ကော်မရှင်၏ တားဆီးပိတ်ပင်မှုများဖယ်ရှားခြင်းနှင့် ကုန်သွယ်ခွန်လျှော့ချခြင်း အစီအစဉ်များသည် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံအဖို့ အထူးအားဖြင့် စိုက်ပျိုးရေးထုတ်ကုန် အစားအသောက်ကဏ္ဍအတွက် သာမက ကဏ္ဍများစွာအတွက် တက်ကြွဖွယ်ရာ အခွင့်အရေး သစ်များ လက်ဆောင်ပေးသကဲ့သို့ ဖြစ်ပါသည်။ (အညွှန်း ၄)

အာဆီယံ အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း စီမံချက် ၂၀၂၅ ၏ ပန်းတိုင်များ ရရှိစေရေး နှင့် ပေါင်းစည်းမှု အပြည့်အဝရှိသော အာဆီယံ စီးပွားရေး ဖြစ်စေရေး ကတိပြုထားပြီးဖြစ်ပါသည်။ (အညွှန်း ၅) အထူးသဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် အာဆီယံမျှော်မှန်းချက် အမြင်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ အစားအသောက်နှင့် စိုက်ပျိုးရေး ကဏ္ဍတွင် ကမ္ဘာ့ စီးပွားရေးနှင့်အတူ ကြံ့ကြံ့ခံပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော အားလုံးပါဝင်သည့် စီးပွားရေး တစ်ရပ် ထူထောင်ရာတွင် စားနပ်ရိက္ခာ ဖူလုံရေး၊ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အာဟာရ ဖွံ့ဖြိုးတိုးတက်ရေး စသည့် အချက်များဖြင့် ပူးပေါင်းပါဝင်ရမည်ဖြစ်ပါသည်။ (အညွှန်း ၅)

အစားအသောက်နှင့် စိုက်ပျိုးရေး ကဏ္ဍတွင် ကမ္ဘာ့ စီးပွားရေးနှင့်အတူ ကြံ့ကြံ့ခံပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော အားလုံးစုစည်းပါဝင်သည့် စီးပွားရေး တစ်ရပ်ကို အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းမှု နှင့်တကွ ထူထောင်ခြင်း ဆိုသည့် ကိစ္စရပ်မှာ ရည်မှန်းချက် ကြီးမားလွန်းရာ ရောက်သော်လည်း အဖွဲ့ဝင်နိုင်ငံများအကြား စုစုစည်းစည်း ပူးပေါင်းဆောင်ရွက်ပါက မုချ ရရှိနိုင်မည့် ပန်းတိုင် ဖြစ်ပါသည်။ ဤပန်းတိုင် ရောက်ရှိရေး

လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များစွာသည် အခြားသော အစိုးရ၏ မူဝါဒရေးရာ ရည်မှန်းချက်များ တွင်လည်း ပါဝင်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ခြင်း ဟူသော ရည်မှန်းချက် ပြည့်မြောက်စေရေး အတွက် ကူးစက်ရောဂါများကို ထိရောက်စွာ နှိမ်နင်းခြင်း၊ တားမြစ်ထိန်းချုပ် သည်မှ ပပျောက်သည်အထိ နှိမ်နင်းခြင်း၊ အခြားသော ရောဂါများကိုလည်း ထိရောက်စွာ တားဆီးကာကွယ် နှိမ်နင်းခြင်း စသည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ရပါသည်။ (အညွှန်း ၆) ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန အနေဖြင့်ဖြင့်လည်း ခရီးသွား ဧည့်သည်များ၏ ကျန်းမာရေး ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကို စိတ်ချစေရမည်ဆိုသည့် မူဝါဒကို အကောင်အထည်ဖော်ရာတွင် ဝန်ဆောင်မှုတိုင်း၏ ကျန်းမာရေး၊ သန့်ရှင်းစင်ကြယ်ရေး စံချိန်စံနှုန်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက် ရပါသည်။ (အညွှန်း ၇) မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုး တိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀) ၏ ရည်မှန်းချက်များရရှိ ရေး အတွက်လည်း ဆောင်ရွက်ရာရောက်ပါသည်။ အထူးသဖြင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်းဖြင့် လူထုကျန်းမာရေး ကာကွယ်ရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်လုပ်ငန်းနှင့် ဆက်နွယ်သည့် ပို့ကုန်လုပ်ငန်းများမှ မြင့်မားသည့် တန်ဖိုးများ ထုတ်ယူရရှိရေးဟူသည့် ရည်မှန်းချက်ကိုလည်း အကောင်အထည် ဖော်ရာလည်း ကျပါသည်။ (အညွှန်း ၈)

အဆိုပါ ရည်မှန်းချက်များ အကောင်အထည်ပေါ်ပေါက်စေရေး ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အတွင်း အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ထိန်းချုပ်ရေး စနစ်သစ်တစ်ရပ် ဖော်ဆောင်ရန် အရေးပေးဆောင်ရွက်ရပါသည်။ ကနဦးခြေလှမ်းအဖြစ် ယခု အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး မူဝါဒကို ရေးဆွဲပြုစုခြင်းဖြစ်ပါသည်။ ဤမူဝါဒသည် စိုက်ခင်းမှသည် စားသုံးသည်အထိရှိသော အစားအသောက် ကွင်းဆက်တစ်လျှောက်လုံး လွှမ်းခြုံပြီး မဟာဗျူဟာမြောက် ဦးတည်ချက် များချမှတ်ခြင်းနှင့် စားသုံးသူ၏ ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ရန်နှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဟူသော ပြည်ထောင်စု အစိုးရအဖွဲ့၏ အမြော်အမြင်ကိုလည်း လွှမ်းခြုံမိအောင် ရေးဆွဲပြုစုထားခြင်းဖြစ်ပါသည်။ ဤမူဝါဒသည် ပိုမိုကျယ်ပြန့်သော အာဆီယံ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးမူဝါဒ (အညွှန်း ၉) နှင့် သာမက အာဆီယံ အဖွဲ့၏ အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ထိန်းချုပ်ရေး စနစ်ဆိုင်ရာ ဥပဒေသများ၊ လမ်းညွှန်ချက် များ (အညွှန်း ၁၀) လိုက်လျောညီထွေရှိစေရန် ရေးဆွဲပြုစုထားပါသည်။ ဤမူဝါဒမှ ဥပဒေသများသည် ရေရှည် တည်တံ့သော တောင့်တင်းခိုင်မာသည့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဥပဒေကောင်းများ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပေါ်ထွက်လာစေရေး အထောက်အကူ ပြုရန်ရည်ရွယ်ပါသည်။ ထို့အပြင် အာဆီယံ၏ တက်ကြွသော ဝတ္တရားကျေပွန်သည့် အဖွဲ့ဝင်နိုင်ငံ တစ်ရပ်ဖြစ်ကြောင်း သက်သေပြစရာ တစ်ခုဖြစ်ပါသည်။ ဤ အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒသည် စိုက်ခင်းမှသည် စားသုံးသည်အထိ အစားအသောက် ကွင်းဆက်တစ်လျှောက် လိုက်လျောညီထွေရှိသော ပေါင်းစည်းထားသည့် အစားအသောက် ဘေးအန္တရာယ်ဖြစ်နိုင်မှုကို အခြေခံသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်ပါသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ကြုံတွေ့ရမည့် အစားအသောက် ဘေးအန္တရာယ် ဖြစ်စဉ်များ၊

အများပြည်သူအပေါ် သက်ရောက်မှုများ၊ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များနှင့်အညီ ဤ အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒကို ကာလအားလျော်စွာ ပြန်လည်စိစစ်ခြင်းနှင့် ပြင်ဆင်တည်းဖြတ်ခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးမူဝါဒ၏ မျှော်မှန်းချက်မှာ စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ရန်အလို့ငှာ နိုင်ငံတော်အတွင်း ဈေးကွက်တင်ရောင်းချမည့် မည်သည့် ပြည်တွင်းထုတ်ကုန်မဆို၊ ပြည်ပမှ တင်သွင်းသည့် စားသောက်ကုန်မဆို အများပြည်သူတို့ စားသုံးရန်အတွက် ဘေးအန္တရာယ် ကင်းရှင်းစေရမည်။ ထိုမျှော်မှန်းချက် ရရှိနိုင်ရန် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများသည် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ထိန်းချုပ်ခြင်း အစီအမံများဖြင့် ဒေသတွင်း အာဆီယံအဖွဲ့ဝင် နိုင်ငံများ၊ နိုင်ငံတကာ အစီအမံများနှင့် လိုက်လျောညီထွေဖြစ်စေရန် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစားအသောက် ဘေးအန္တရာယ် ထိန်းချုပ်ခြင်း အစီအမံများ တညီတညွတ်တည်း ဖြစ်စေရန်နှင့် ဒေသဆိုင်ရာ ASEAN အဖွဲ့ဝင်များနှင့် နိုင်ငံတကာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် တက်ကြွစွာ ပါဝင်ဆောင်ရွက် လျက်ရှိပါသည်။



## ၂.၁ မူဝါဒ၏ နယ်ပယ်

ဤအမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးမူဝါဒသည် စိုက်ခင်းမှသည် စားသုံးသည်အထိ အစားအသောက် ကွင်းဆက်တစ်လျှောက် အဆင့်တိုင်းတွင် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး လွှမ်းခြုံနိုင်စေပါမည်။


## ၂.၂ မူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာ ပါဝင်သူ ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အမျိုးသား အစားအသောက် မူဝါဒကို မိမိတို့ သက်ဆိုင်ရာ နယ်ပယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ဤမူဝါဒကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အဆိုပါ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း အချင်းချင်းချိတ်ဆက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်၍ မြန်မာနိုင်ငံ အစားအသောက် အာဏာပိုင်အဖွဲ့မှ ဦးဆောင်တာဝန်ယူကာ

အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် မူကြမ်းများ ချမှတ်ပေးရမည် ဖြစ်ပါသည်။

## 3 ၃။ သက်ဆိုင်ရာပါဝင်သူများ

ဤမူဝါဒတွင် သက်ဆိုင်ရာပါဝင်သူ အဓိက အုပ်စု ကြီး (၃)စု အဖြစ် ခွဲခြားထားပါသည်။




- A: အာဏာပိုင်များ - အာဏာပိုင်များ ဆိုသည်မှာ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဥပဒေများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည့် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများဖြစ်ပြီး ဤမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အဓိက သက်ဆိုင်ပါဝင် သူများ ဖြစ်သည်။
- B: **အစားအသောက်လုပ်ငန်းလုပ်ကိုင်သူများ** - အစားအသောက်နှင့် သက်ဆိုင်သည့် မည်သည့် ကဏ္ဍတွင်မဆို ပါဝင်လုပ်ကိုင် ဆောင်ရွက်နေသည့် မည်သူမဆို ပါဝင်ပြီး အများပြည်သူ စားသုံးရန် ထုတ်လုပ်သည့် သို့မဟုတ် တင်သွင်းသည့် အစားအသောက်များ အားလုံး ဘေးအန္တရာယ် ကင်းရှင်း စေရေး အဓိကတာဝန်ရှိ သူများဖြစ်သည်။ အစားအသောက်လုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ ဥပဒေသများ ပြုစုရေးနှင့် အဆုံးအဖြတ်ချမှတ်ခြင်း ဖော်ဆောင်ရာတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်သော အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ထိန်းချုပ်ကွပ်ကဲမှု စနစ်ကို အားကောင်းလာစေမည်ဖြစ်ပါသည်။
- C: **စားသုံးသူများ-** စားသုံးသူများသည်လည်း အဓိကအရေးကြီးသည့် သက်ဆိုင်ပါဝင်သူများဖြစ်သည်။ နိုင်ငံတော်အစိုးရသည် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ရန် တာဝန်ရှိပါသည်။ စားသုံးသူများအနေဖြင့် မိမိတို့စားသုံးမည့် အစားအသောက်များနှင့် ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသည့် အလေ့အထများနှင့် ပတ်သက်၍ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာများ တိုးတက်မြင့်မား လာစေရန် အစိုးရဌာန အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ အသင်း အဖွဲ့များမှ ဖြစ်စေ ပူးပေါင်းပါဝင် ရမည်ဖြစ်ပါသည်။ ထို့အပြင် နောင်တွင် ချမှတ်ဆောင်ရွက်မည့် မူဝါဒများ ဥပဒေများနှင့် ပတ်သက်၍ စားသုံးသူများ ဘက်မှလည်း ၎င်းတို့၏ ထင်မြင်သုံးသပ်ချက်များအား အစိုးရဌာန အဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးမှုများတွင် တစ်တပ်တစ်အား ပါဝင် ရမည်ဖြစ်ပါသည်။

သက်ဆိုင်ရာပါဝင်သူများ၏ ချိတ်ဆက်ဆောင်ရွက်ရမည့် အခြေအနေအဆင့်ကို တိုက်ရိုက်သက်ဆိုင်ပါဝင်သူများ၊

လွှမ်းမိုးသက်ဆိုင်ပါဝင်သူများ၊ စိတ်ပါဝင်စားမှုအရ သက်ဆိုင်ပါဝင်သူများ ဟူ၍ ယေဘုယျအားဖြင့် အုပ်စု(၃)စု ခွဲခြားထားပါသည်။

**တိုက်ရိုက်သက်ဆိုင်ပါဝင်သည့် ဌာန/ အဖွဲ့အစည်းများ**

- Myanmar Food Authority မြန်မာနိုင်ငံအစားအသောက်အာဏာပိုင်အဖွဲ့
- Ministry of Health and Sports (Department of Food and Drug Administration, Department of Public Health) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
  (အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)
- Mayor of Yangon City ရန်ကုန်မြို့တော်ဝန်
- Mayor of Mandalay City မန္တလေးမြို့တော်ဝန်
- Mayor of Nay Pyi Taw City နေပြည်တော်မြို့တော်ဝန်
- Minister of Municipal Affairs from State and Regional Government
  တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး
- Ministry of Agriculture, Livestock and Irrigation (Department of Fisheries; Department of Agriculture (Plant Protection Division); Livestock, Breeding and Veterinary Department (Veterinary Division; Apiculture Development Division)
  စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ)
- Ministry of Commerce (Department of Trade)
  စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ကုန်သွယ်ရေးဦးစီးဌာန)
- Ministry of Education (Department of Research and Innovation)
  ပညာရေးဝန်ကြီးဌာန(သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန)
- Ministry of Home Affairs (Myanmar Police Force; General Administrative Department) ပြည်ထဲရေးဝန်ကြီးဌာန (မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန)
- Ministry of Planning , Finance and Industry (Small-scale Industries Department)
  စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန)

**လွှမ်းမိုးသက်ဆိုင် ပါဝင်သူများအဖွဲ့တွင်** အာဆီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (အကောက်ခွန်ဦးစီးဌာန)၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာန (စားသုံးသူရေးရာဦးစီးဌာန)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့်

အစားအသောက် လုပ်ငန်းများဆိုင်ရာ အသင်း အဖွဲ့များ၊ စားသုံးသူရေးရာ အသင်းအဖွဲ့များ၊

**စိတ်ပါဝင်စားမှုများအရ သက်ဆိုင်ပါဝင်သူများတွင်** စားသုံးသူများ၊ ပြည်သူများ၊ ကုန်သွယ်ရေး ဆိုင်ရာမိတ်ဖက် အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ပါဝင်ပါသည်။ သက်ဆိုင်ပါဝင်သူ အုပ်စုပေါ်မူတည်၍ မူဝါဒအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရမည့် အခြေအနေပြောင်းလဲမှု ရှိနိုင်ပါသည်။

Government offices naming was sourced from: The Republic of the Union of Myanmar, Presidents Office website http://www.president-office.gov.mm/en/?q=cabinet/id-6208

## 4 ၄။ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေး မူဝါဒနှင့် အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေး ဥပဒေသများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အတွင်းရှိ အစိုးရဌာန/ အဖွဲ့အစည်းများတွင် တာဝန်ရှိပြီး ယင်းအစိုးရဌာန အဖွဲ့အစည်းများ၏ စာရင်းကို ပုံ-(၁)တွင် ဖော်ပြထားပါသည်။ သို့ရာတွင် အစားအသောက် ကွင်းဆက်တလျှောက် ကြီးကြပ်ရန်လိုအပ်ချက် အပေါ်မူတည်၍ အကောင်အထည် ဖော်မည့် အစိုးရဌာန/အဖွဲ့အစည်းများ သတ်မှတ်ချက်ကို မြန်မာနိုင်ငံ အစားအသောက် အာဏာပိုင်အဖွဲ့က ပြောင်းလဲ နိုင်ပါသည်။

မြန်မာနိုင်ငံ အစားအသောက် အာဏာပိုင်အဖွဲ့သည် ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်က သဘာပတိအဖြစ် ဆောင်ရွက်သော ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်ပြီး အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များ ဖော်ဆောင်မည့် အစိုးရဌာန/ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများ ချောမွေ့စေရန် ချိတ်ဆက်ပံ့ပိုး ကွပ်ကဲခြင်းများ ဆောင်ရွက်သည်။ မြန်မာနိုင်ငံ အစားအသောက် အာဏာပိုင်အဖွဲ့သည် အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နည်းဗျူဟာ ရည်မှန်းချက်များနှင့် အစီအမံများကို ရေးဆွဲရမည်ဖြစ်သည်။ မြန်မာနိုင်ငံအစားအသောက် အာဏာပိုင်အဖွဲ့၏ ဖွဲ့စည်းပုံကို ပုံ-(၁)တွင် ဖော်ပြထားသည်။ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ တာဝန်ယူဆောင်ရွက်မည့် အစိုးရဌာန/ အဖွဲ့အစည်းများအတွက် ကြီးကြပ်စီမံမှု အစီအစဉ်ကို မြန်မာနိုင်ငံ အစားအသောက် အာဏာပိုင်အဖွဲ့တွင် စုစည်းမှတ်တမ်း တင်ထားပါမည်။ ၎င်းမှတ်တမ်းကို လိုအပ်လျှင် ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်နိုင်ပြီး အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး မူဝါဒနှင့် သီးခြားစီ သတ်မှတ်ထိန်းသိမ်းထားရှိနိုင်ပါသည်။

1 Myanmar Food Authority established under the National Food and Drug Law, 1992 (as amended).



*ပုံ ၁: ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစားအသောက် အာဏာပိုင်အဖွဲ့ ၏ ဖွဲ့စည်းပုံ*

## 5 ၅။ မူဝါဒ၏ရည်မှန်းချက်များ

ဤမူဝါဒ၏ ပင်မရည်ရွယ်ချက်မှာ စားသုံးများ၏ ကျန်းမာရေးကို ကာကွယ်ပြီး ကုန်သွယ်ရေးတွင် လွယ်ကူချောမွေ့စေရေး ပံ့ပိုးရန်ဖြစ်သည်။ စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ရေးဟုဆိုရာတွင် သက်ရောက်လွှမ်းမိုးသည့် အချက်များစွာရှိသည့်အနက် အချို့သော အချက်များ (ဥပမာ- အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး)သည် ဤမူဝါဒ၏ နယ်ပယ်တွင် အကျုံးဝင်သော်လည်း အခြားသော အချက်များ (ဥပမာ- ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ပတ်ဝန်းကျင် အခြေအနေများ)သည် ဤမူဝါဒ၏ ပြင်ပတွင်ရှိနေ မည်ဖြစ်ပါသည်။ ဤမူဝါဒတွင် ပင်မရည်ရွယ်ချက်အပေါ် သက်ဆိုင်လွှမ်းမိုးသည့် အချက်များအနက် အဓိကချိတ်ဆက်လိုသည့် အထူးပြုရည်ရွယ်ချက်ကို သတ်မှတ်ဖော်ပြထားသည်။ ၎င်း အထူးပြုရည်ရွယ်ချက်မှာ ဈေးကွက်တင်မည့် ပြည်တွင်းထုတ် စားသောက်ကုန်များနှင့် ပြည်ပမှ တင်သွင်းစားသောက် ကုန်များသည် ပြည်သူလူထု စားသုံးရန်အတွက် ဘေးအန္တရာယ်ကင်းရှင်း ရန်သေချာစေခြင်း ဖြစ်ပါသည်။

တိကျသော လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မှသာ အထက်တွင် ဖော်ပြထားသော ပင်မရည်ရွယ်ချက်နှင့် အထူးပြု ရည်ရွယ်ချက်များ ရရှိနိုင်မည်ဖြစ်ပါသည်။ ဤမူဝါဒက ချမှတ်ထားသော လုပ်ငန်းစဉ်များကို လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင်(၇)ခုဖြင့် ဖွဲ့စည်းထားပြီး ၎င်းပန်းတိုင်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။ မူဝါဒပန်းတိုင်များ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဤမူဝါဒ နယ်ပယ်အတွင်း တာဝန်ရှိသော အစိုးရဌာန/အဖွဲ့ အစည်းများအကြား ထိရောက်သော ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှုသည် မရှိမဖြစ် လိုအပ်ပါသည်။ ပင်မရည်ရွယ်ချက်၊ အထူးပြုရည်ရွယ်ချက်နှင့် လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင်များကို ပုံ-(၂)တွင် ဖော်ပြထားပါသည်။

ပင်မရည်ရွယ်ချက်

“ကူးသန်းရောင်းဝယ်နေစဉ် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ရန် အကူအညီပေးခြင်း

▲

အထူးပြုရည်ရွယ်ချက်

“ဈေးကွက်တင်မည့် ပြည်တွင်းထုတ် စားသောက်ကုန်များနှင့် ပြည်ပမှ တင်သွင်းစားသောက်ကုန်များ ပြည်သူလူထု စားသုံးရန်အတွက် ဘေးအန္တရာယ် ကင်းရှင်းရန် သေချာစေခြင်း”

▲ ▲

န်းတိုင်များ

| | |
|---|---|
| ၁။ အမျိုးသားအဆင့် အစားအသောက် ကြီးကြပ်ကွပ်ကဲမှု စနစ်အားကောင်းလာစေရန် ◀ | ◀ ၂။ ဘေးအန္တရာယ် ကင်းရှင်းသော အစားအသောက်များကိုသာ ဈေးကွက်တင်ရောင်းချရေး အစားအသောက် လုပ်ငန်းများ၏ တာဝန်ခံမှု ပိုမိုအားကောင်းလာစေရန် |
| ▲ | ▲ |
| ၃။ အမျိုးသားအဆင့် ပေါင်းစည်း ဆောင်ရွက်မည့် အစားအသောက် ဘေးအန္တရာယ် | ၆။ ဥပဒေဆိုင်ရာ အခွင့်အာဏာနှင့် ပြဋ္ဌာန်းချက်များ |

၄။ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သတင်းအချက် စီမံခန့်ခွဲခြင်း

၇။ ညီမျှမှု အခြေအနေ၊ အသိအမှတ်ပြုခြင်းနှင့် လိုက်လျော ညီထွေဖြစ်ခြင်း

၅။ အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများ

*ပုံ ၂: အမျိုးသားအဆင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး မူဝါဒ၏ ရည်ရွယ်ချက် ၊ အထူးပြုရည်ရွယ်ချက်များနှင့် လုပ်ငန်းဖော်ဆောင်မည့်ရည်ရွယ်ချက်များ*

## ၅.၁ ပင်မရည်ရွယ်ချက်

**စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ပြီး ကုန်သွယ်ရေးတွင် လွယ်ကူချောမွေ့စေရေးပံ့ပိုးရန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ စားသုံးသူများ၏ ကျန်းရေးကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရန် လိုအပ်သည်။ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ၊ ဥပဒေနှင့် စီမံဆောင်ရွက် ချက်များသည် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ပေးနိုင်ရေးနှင့် စားသုံးသူများ ရွေးချယ်စားသုံးနိုင်ရန် လိုအပ်သော အခြေခံသတင်းအချက်အလက်များ ပေးနိုင်ရန်အတွက် ရည်ရွယ်ထားရှိရပါမည်။

အစိုးရသည် စားသုံးသူများ၏ အကျိုးစီးပွားကို အားပေးအထောက်အကူပြုခြင်းနှင့် ကာကွယ်ခြင်းများ လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည် အဘယ့်ကြောင့်ဆိုသော ကမ္ဘာ့နိုင်ငံအချင်းချင်း ကူးလူးဆက်သွယ်ရ လွယ်ကူလျင်မြန်လာခြင်းနှင့် နည်းပညာတိုးတက်လာမှုများ၏ ရလဒ်ဖြစ်သော နယ်စပ်ဖြတ်ကျော် ကုန်ကူးမှုများပြားလာခြင်း၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးစနစ်ကို အသုံးပြုလာခြင်းနှင့် အခြားသော ကုန်သွယ်မှု နည်းလမ်းအသစ်များစွာ ကြောင့်ဖြစ်သည်။ ယခုပန်းတိုင်သည် မျှတသော ကုန်သွယ်မှု အလေ့အကျင့်များကို ပိုမိုလှုံ့ဆော်ပေးနိုင်ရန်၊ အစားအသောက်အထုအပ ပြုလုပ်ခြင်း၊ မသာမာသော နည်းဖြင့် ရောနှောခြင်းဖြင့် စားသုံးသူကို လှည့်ဖြားသော (သို့မဟုတ်) ဘေးအန္တရာယ် ဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကို မဆိုကာကွယ်ရန် ရည်ရွယ်သည်။

အမျိုးသားအဆင့် အစားအသောက်ကြီးကြပ်ကွပ်ကဲမှုစနစ်၏ ကဏ္ဍများကို ဖော်ဆောင်ရာတွင် ထိရောက်မှု ရှိရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ အကျိုးအကြောင်း ဆီလျော်မှုရှိရမည်။ စားသုံးသူ အကာအကွယ် ပေးရေးကို သက်ရောက်နိုင်ခြေရှိသော မည်သည့် စီးပွားရေး၊ ဘဏ္ဍာရေး၊ ဝါစဉ်၊ နိုင်ငံရေးစသော ဖိအားများနှင့် အခြားသော မည်သည့်ဖိအားများမဆို ကင်းစင်ရမည်။ အကယ်၍ သဘောထားကွဲလွဲမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါကလည်း စားသုံးသူ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ကာကွယ်ရန် ဦးစားပေး ရမည်။

## ၅.၂ အထူးပြုရည်ရွယ်ချက်

**ဈေးကွက်တင်မည့် ပြည်တွင်းထုတ် စားသောက်ကုန်များနှင့် ပြည်ပမှ တင်သွင်းစားသောက်ကုန်များသည် ပြည်သူလူထု စားသုံးရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းရန် သေချာစေခြင်း**

ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်အတွင်း၌ ဈေးကွက်တင်မည့် ပြည်တွင်း (သို့မဟုတ်) ပြည်ပမှ တင်သွင်း စားသောက်ကုန်များသည် ပြည်သူလူထု စားသုံးရန်အတွက် ယုံကြည်စိတ်ချရပြီး ဘေးအန္တရာယ်ကင်းသော အစားအသောက်များဖြစ်စေရန် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုနယ်ပယ်အတွင်း၌ သေချာစေခြင်းဖြင့် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

## ၅.၂.၁ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၁)

### အမျိုးသားအဆင့် အစားအသောက် ကြီးကြပ်ကွပ်ကဲမှု စနစ်အားကောင်းလာစေရန်

တိုးတက်ခေတ်မီလာသော အစားအသောက် ထုတ်လုပ်ခြင်း ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆက်စပ်နေသော အခြေခံအချက်အလက်များ ရောထွေးနေသည်ဖြစ်ရာ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ထိခိုက်မှု ဖြစ်နိုင်ချေရှိပါသည်။ အစားအသောက် ကွင်းဆက်တစ်လျှောက်ရှိ အဆင့်တိုင်းတွင် အစားအသောက် ညစ်ညမ်းမှု အန္တရာယ်ဖြစ်နိုင်ချေ လျော့နည်းစေရန် စနစ်တကျ အလေးထား ဆောင်ရွက်ခြင်းဖြင့် အဆိုပါ ဘေးအန္တရာယ်ဖြစ်နိုင်ခြေကို စီမံကွပ်ကဲ နိုင်မည်ဖြစ်ပါသည်။ ဤမူဝါဒသည် စိုက်ပျိုး မွေးမြူရေးမှ စားသုံးသူအထိ အစားအသောက်၏ ကွင်းဆက်တစ်လျှောက် လွှမ်းခြုံပါဝင်သော အခြေခံသဘာဝတရားကို ခံယူထားပါသည်။ တိရိစ္ဆာန်အစား ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်း အပါအဝင် အစားအသောက် ကွင်းဆက် တစ်လျှောက်ရှိ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းအဆင့်တိုင်း၌ တစ်စုတစ်စည်းတည်း ဟန်ချက်ညီညီ ဆောင်ရွက်ရန်မှာ ဤသဘောတရား၏ ရည်ရွယ်ချက်ဖြစ်သည်။

အမျိုးသားအဆင့် အစားအသောက် ကြီးကြပ်ကွပ်ကဲမှုစနစ် အားကောင်း ရင့်သန်လာစေရန်မှာ အစား အသောက် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် အစိုးရဌာန အဖွဲ့အစည်းများ၊ အစားအသောက် လုပ်ငန်း လုပ်ကိုင်သူများအကြား စားသုံးသူများ၏ ဟန်ချက်ညီစွာ တာဝန်ခွဲဝေ ဆောင်ရွက်နိုင်မှုပေါ်တွင် အဓိက မူတည်လျက်ရှိပြီး အောက်ဖော်ပြပါ အခြေခံ အစိတ်အပိုင်းများလိုအပ်ပါသည်။

- **ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းစဉ်**

  ယင်းလမ်းစဉ်အား အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး သည် အစားအသောက် အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စီမံချက်များ၊ အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များနှင့် သတင်းပေးပို့ ဖလှယ်ခြင်းများစသည့် အစားအသောက် ထန်းချုပ်ကွပ်ကဲမှု လုပ်ငန်းရပ်များအား သက်ဆိုင်ရာ အစားအသောက်ကြီးကြပ် ကွပ်ကဲသည့် ဌာနများမှ ပွင့်လင်းမြင်သာစွာ ပူးပေါင်း လုပ်ဆောင်နိုင်ခြင်းဖြင့် ရရှိနိုင်မည်ဖြစ်သည်။ ထိုမှတဆင့် ဆက်စပ်အစိုးရ အဖွဲ့အစည်းများအကြား လုပ်ငန်းစဉ်တရပ်အပေါ် မလိုအပ်ဘဲ ထပ်ဆင့်အပို ဆောင်ရွက်မှုများအား ပိုမိုအကျိုးရှိ ထိရောက်စွာ အသုံးချလုပ်ဆောင် နိုင်မည်ဖြစ်သည်။ ထို့အပြင် အမျိုးသားအဆင့် အစားအသောက်ကြီးကြပ် ကွပ်ကဲမှုစနစ်အတွင်း ပါဝင်သည့် လူမှုအဖွဲ့အစည်း အားလုံးအတွက် တိကျခိုင်မာသော တာဝန်ယူမှု တာဝန်ခံမှုများ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

- **အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ထိန်းချုပ်ကွပ်ကဲမှု** ဆိုရာတွင် စားသုံးသူ၏ ကျန်းမာရေးအန္တရာယ် ဖြစ်နိုင်ခြေရှိအပေါ် အခြေခံသော စောင့်ကြည့်ကွပ်ကဲခြင်းနှင့် ထောက်လှမ်း ဖော်ထုတ်ခြင်း လမ်းစဉ်များဖြင့် ပိုမိုအားကောင်း စေခြင်းဖြစ်သည်။

- **စဉ်ဆက်မပြတ်စီမံ ကြီးကြပ်ကွပ်ကဲမှုရှိခြင်း**

အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းဆိုင်ရာ စီမံကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းစဉ်များသည် သက်ဆိုင်ရာ အဆင့်အလိုက် စနစ်တကျ စဉ်ဆက်မပြတ် လုပ်ဆောင်ရမည်ဖြစ်ပြီး အစားအသောက် လုပ်ကိုင်သည့် လုပ်ငန်းများအားလုံးပေါ် တိကျခိုင်မာသော၊ သာတူညီမျှရှိသော ထိန်းချုပ်မှုစနစ် ဖြစ်မှသာ စားသုံးသူ ပြည်သူလူထု၏ ကျန်းမာရေးအား နိုင်ငံအဝှမ်း လွှမ်းခြုံနိုင်သည့်အထိ အကျိုးပြု ကာကွယ် ပေးနိုင်မည်ဖြစ်သည်။

- **ဆောင်ရွက်မှုလုပ်ငန်းများအား စောင့်ကြည့်ကွပ်ကဲခြင်းနှင့် သတင်းပေးပို့ခြင်း**

အမျိုးသားအဆင့် အစားအသောက်ကြီးကြပ်ကွပ်ကဲမှု စနစ်၏ ရည်မှန်းချက်များနှင့် တိုးတက်မှု အခြေအနေအရပ်ရပ်အား အချိန်နှင့်တပြေးညီ စောင့်ကြည့် ကွပ်ကဲနိုင်ရန်လိုအပ်ပြီး အဆိုပါ အခြေအနေ များအပေါ် ပြန်လည်သုံးသပ် စိစစ်နိုင်ရန်အတွက် သတင်းပေးပို့ခြင်းအား ဆက်လက်လုပ်ဆောင် နိုင်ရမည်ဖြစ်သည်။



## ၅.၂.၂ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၂)

**ဘေးအန္တရာယ် ကင်းရှင်းသော အစား အသောက်များကိုသာ ဈေးကွက်တင်ရောင်း ချရေး အစားအသောက် လုပ်ငန်းများ၏ တာဝန်ခံမှု ပိုမိုအားကောင်းလာစေရန်**

မြန်မာနိုင်ငံတွင်းရှိ အစားအသောက်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကိုသာ ဈေးကွက်တင် ရောင်းချခြင်းသည် ပဓာနအကျဆုံးသော တာဝန်ရှိသူများဖြစ်သည်။ ၎င်းတို့က သေချာစွာအလေးထား ဆောင်ရွက်နိုင်ခြင်းသည် အစားအသောက်လုံခြုံစိတ်ချရသည့် ယဉ်ကျေးမှု နယ်ပယ်တစ်ခု ဖြစ်ထွန်းလာစေရန် ဦးတည်နေပြီး၊ တချိန်တည်းမှာပင် အစားအသောက်ကြီးကြပ်ကွပ်ကဲသူ၊ အစားအသောက် လုပ်ငန်းရှင်နှင့် စားသုံးသူ သုံးဦးစလုံးအတွက် များစွာအကျိုးပြု နိုင်မည်ဖြစ်သည်။ ထိုမှတဆင့် ပြည်တွင်း၊ ပြည်ပ စားသုံးသူများအားလုံး၏ ဈေးကွက်တင် စားသောက်ကုန်များအပေါ် ယုံကြည်စိတ်ချစွာ ရွေးချယ်ဝယ်ယူမှုနှင့် အစိုးရ ဌာန/အဖွဲ့အစည်းများ၏ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်မှုများအပေါ် ယုံကြည်မှု မြင့်မားလာနိုင်မည် ဖြစ်ပါသည်။ စံပြုသတ်မှတ်နိုင်သော အစားအသောက် လုပ်ငန်းများလည်း ဖွံ့ဖြိုးလာနိုင်ပြီး ဈေးကွက်ဝင် စားသောက်ကုန်များအဖြစ် ယှဉ်ပြိုင်ရောင်းချနိုင်မည့် အခွင့်အလမ်းများ မြင့်မားလာမည်ဖြစ်သည်။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ တာဝန်ယူဆောင်ရွက်ရန် အစိုးရ၏ ကြားနေဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာသော၊ အရည်အသွေးပြည့်ဝသော ရှင်းလင်းသည့် စီမံကွပ်ကဲမှုများ ဖြစ်သည့်အားလျော်စွာ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများပါ အကျုံးဝင်ပြီး နိုင်ငံ၏ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး လိုအပ်ချက်များနှင့် အညီဆောင်ရွက်နိုင်ရန် အထောက်အကူပြု ဆောင်ရွက်ပေးနိုင် မည်ဖြစ်သည်။

### ၅.၂.၃ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၃)

**အမျိုးသားအဆင့် ပေါင်းစည်းဆောင်ရွက်မည့် အစားအသောက် ဘေးအန္တရာယ် ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်း ဆိုင်ရာ မူဘောင်တစ်ရပ် အကောင်အထည်ဖော်ရန်**

ကမ္ဘာအနှံ့တိုးတက် မြန်ဆန်လာသော အစားအသောက်ကူးသန်းရောင်းဝယ်ခြင်း၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ စားသောက်မှု စနစ်ပုံစံများ ပြောင်းလဲလာခြင်း၊ စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန် ကြီးမားလာခြင်း၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ တိုးပွားလာခြင်း၊ အစားအသောက် ထွက်ကုန်အသစ်များ ဖန်တီးထုတ်လုပ် လာနိုင်ခြင်းစသည့် အခြေအနေများသည် နိုင်ငံအများအပြား၏ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းမှုအပေါ် များစွာ လွှမ်းမိုးလျက်ရှိသည်။ သို့ဖြစ်ရာ ထိုသို့သော အခြေအနေအရပ်ရပ်နှင့် သက်ဆိုင်သည့် သိပ္ပံဆိုင်ရာ အတည်ပြု တွေ့ရှိချက်များနှင့် နိုင်ငံတကာ သတင်းအချက်အလက်များအပေါ် မူတည်၍ အမျိုးသား အစားအသောက် ကြီးကြပ်ကွပ်ကဲမှု စနစ်အတွင်းတွင် ဆောင်ရွက်ချက်များ ချမှတ်ဆောင်ရွက်ရန်ဖြစ်သည်။ အစားအသောက် ဘေးအန္တရာယ် ဖြစ်နိုင်ခြေအပေါ် အခြေခံသည့် ကြီးကြပ်ကွပ်ကဲခြင်း ဆောင်ရွက်မှုများ အားလုံးသည်လည်း တိကျခိုင်မာသော ရည်ရွယ်ချက်ပြည့်မီနိုင်သော၊ ပွင့်လင်းမြင်သာမှုရှိသော ပြုမူဆောင်ရွက်မှုများဖြစ်ရန် လိုအပ်သည်။

### ၅.၂.၄ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၄)

**အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း**

မြန်မာနိုင်ငံ၏ အမျိုးသားအစားအသောက် ကြီးကြပ်ကွပ်ကဲမှုစနစ် အားကောင်းလာစေရန်အတွက် တိကျ မှန်ကန်သော၊ အချိန်နှင့် တပြေးညီဖြစ်သော သတင်းအချက်အလက်များ ရရှိနိုင်ရေးသည် ပဓာနလိုအပ်ချက် တစ်ခုဖြစ်သည်။ နိုင်ငံတဝှမ်းရှိ ကြီးကြပ်ကွပ်ကဲမှုအဆင့်တိုင်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အီလက်ထရောနစ် စနစ်ဖြင့် သတင်းဖြန့်ဝေခြင်း စီမံခန့်ခွဲမှု ဆောင်ရွက်ခြင်းသည် ဖော်ပြခဲ့သော အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲရန် ဘေးအန္တရာယ် ဖြစ်နိုင်ခြေအပေါ် အခြေခံသည့် နည်းလမ်းစဉ်အတွက် အခြေခံအုတ်မြစ် ဖြစ်ပါသည်။ အဆိုပါ မြန်ဆန်တိုးတက်သော သတင်းစီမံ ခန့်ခွဲမှုများသည် ထိရောက်သော ဆုံးဖြတ်ချက် ချမှတ်မှုများ ရရှိစေရန်နှင့် စားသုံးသူများအား အသိပညာ အချက်အလက်များ တိုးပွားလာစေရန် အကူအညီပေးနိုင်မည် ဖြစ်သည်။ အမျိုးသားအဆင့် အစားအသောက် ကြီးကြပ်ကွပ်ကဲမှုစနစ် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဓိကကျသော အချက်မှာ အစိုးရဌာနများအကြား ပိုမိုပွင့်လင်းမြင်သာသော သတင်းဖလှယ်မှုများ ရှိရမည်ဖြစ်သည်။

## ၅.၂.၅ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၅) အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများ

အစားအသောက် ကြီးကြပ်ကွပ်ကဲမှုစနစ်၏ စွမ်းရည်သည် ဖော်ဆောင်ရမည့်လုပ်ငန်း တာဝန်များကို ထိရောက်သေသပ်စွာ ဆောင်ရွက်နိုင်စွမ်း၊ ရည်ရွယ်ချက်ပြည့်မြောက်သည်အထိ စဉ်ဆက်မပြတ် လုပ်ကိုင်နိုင်စွမ်းတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ အစားအသောက် ကြီးကြပ်ကွပ်ကဲမှုစနစ်၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် လုံလောက် သင့်တော်သော အရင်းအမြစ်များ ရှိသင့်သည်။ လူ့စွမ်းအားအရင်းအမြစ်ကို ပျိုးထောင်ခြင်းဖြင့် ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေသည့် အစိုးရဌာန/ အဖွဲ့အစည်းများရှိ ပုဂ္ဂိုလ်များသည် မိမိတို့လုပ်ငန်း နယ်ပယ်အတွင်း မိမိတို့၏ အခန်းကဏ္ဍနှင့် တာဝန်များအား ပိုမိုနားလည် တတ်ကျွမ်းစေသည်။ အစားအသောက် ဘေးကင်းရှင်းမှုအတွက် ဖော်ဆောင်ရသည့် အရာထမ်းများအားလုံးကို ယင်းတို့နှင့်သက်ဆိုင်သော အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လုပ်ဆောင်ရမည့် အခန်းကဏ္ဍနှင့် တာဝန်များကို သေချာစွာ လေ့ကျင့် သင်ကြားပေးထားရမည်။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကို အကောင်အထည်ဖော်ကြီးကြပ်ရာတွင် သက်ဆိုင်ရာ စီမံခန့်ခွဲမှု အဆင့်အားလုံးရှိ အရည်အချင်းရှိသော အရာရှိများသည် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာ တတ်သိနားလည်၍ တပြေးညီ တသမတ်တည်း ကျင့်သုံးဆောင်ရွက်ပါက ၎င်းတို့အပေါ် ယုံကြည်မှု ပိုမိုအားကောင်းလာ စေမည်ဖြစ်သည်။ အထူးအဖြင့် -

- ထိရောက်သော ဘေးအန္တရာယ် ဖြစ်နိုင်ခြေ အခြေပြု အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲရေးအတွက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအတွင်းရှိ အရည်အချင်း ပြည့်ဝသော စားသောက်ကုန် ဘေးအန္တရာယ် ကင်းရှင်းရေး စစ်ဆေးသူများအတွက် ကွန်ယက်သည် မရှိမဖြစ် လိုအပ်ပါသည်။
- တရားဝင် စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲမှု ဆောင်ရွက်ချက်များကို အထောက်အကူပြုရန်အတွက် နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ စားသောက်ကုန် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဓါတ်ခွဲခန်းများ ကွန်ယက်သည် မရှိမဖြစ် လိုအပ်ပါသည်။

## ၅.၂.၆ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၆) ဥပဒေဆိုင်ရာ အခွင့်အာဏာနှင့် ပြဌာန်းချက်များ

အစားအသောက်ကွင်းဆက်တလျှောက်တွင် အစားအသောက်ဥပဒေကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် ဆီလျော်မှုရှိပြီး ထိရောက်သော တရားဝင်လုပ်ပိုင်ခွင့်အာဏာနှင့် ကြိုတင်ပြင်ဆင်ထားသော အစီအမံ များသည် အဓိကအချက်များဖြစ်ပါသည်။ တရားဝင်လုပ်ပိုင်ခွင့်အာဏာသည် ရှင်းလင်းပြတ်သားပြီး နီးနွယ်အစိုးရဌာနများအားလုံး၏ အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဥပဒေကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် တိကျသော အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ပေးရပါမည်။

အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်ဆောင်ရွက်သော အရာရှိသည် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာကို ဖြစ်ပေါ်နေသောအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး ထိရောက်မှုရှိစွာပြုမူ ဆောင်ရွက်နိုင်ရန်အတွက် နားလည်တတ်ကျွမ်းရမည်။

## ၅.၂.၇ လုပ်ငန်းဖော်ဆောင်မည့် ပန်းတိုင် (၇)

## ညီမျှမှုအခြေအနေ၊ အသိအမှတ်ပြုခြင်းနှင့် လိုက်လျောညီထွေ ဖြစ်ခြင်း


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး တရားဝင် ထိန်းသိမ်းကြီးကြပ်သော အဖွဲ့အစည်းများသည် အပြန်အလှန်အသိအမှတ် ပြုခြင်းသဘော တရားကို ကျင့်သုံးရမည်။ အမျိုးသားအစားအသောက်ကြီးကြပ်မှုနစ် (သို့) ယင်းစနစ်၏ အစိတ် အပိုင်းများ ဖွဲ့စည်းတည်ဆောက်ပုံ ကွဲပြားသော်လည်း တူညီသော အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ရည်မှန်းချက်များ ပြည့်မီရန်အတွက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ဝင်ပေါက်များတွင် အညီအမျှကျင့်သုံးရန်လိုပါသည်။ အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လွယ်ကူချောမွေ့စေရန် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများနှင့် အပြန်အလှန် အသိအမှတ်ပြုသည့် အစီအစဉ်များနှင့် အညီအမျှဖြစ်ခြင်း အစီအစဉ်များ ဖော်ဆောင်သွားရပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အမျိုးသားအစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေသည် ခေတ်နှင့်လျော်ညီပြီး ပြည့်စုံမှုရှိ၍ အစားအသောက် ကွင်းဆက်တစ်လျှောက်ရှိ အဆင့်အားလုံးကို ခြုံငုံသင့်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်၏ သဘောတူညီချက်များဖြစ်သော SPS, TBT, Codex, Alimentarius, OIE, IPPC, ATIGA စသည့် နိုင်ငံတကာ သဘောတူညီမှုများတွင် ဖော်ပြထားသော နိုင်ငံတကာ လုပ်ထုံးလုပ်နည်း များနှင့် ကိုက်ညီသင့်သည်။ အစားအသောက်များ ကုန်သွယ်မှု ပြုရာတွင် မျှတသောအလေ့အကျင့်နှင့် စားသုံးသူတို့၏ ကျန်းမာရေးကို ကာကွယ်ရန်အတွက် နိုင်ငံတကာ စံချိန်စံညွှန်း၊ ထောက်ခံ ချက်များ၊ လမ်းညွှန်ချက်များကို အမျိုးသား အစားအသောက် ကြီးကြပ်ကွပ်ကဲသည့် စနစ်၏ အစိတ်အပိုင်းအဖြစ် လိုအပ်သလို ထည့်သွင်းစဉ်းစားသင့်သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သည့်အား လျော်စွာနိုင်ငံတကာစံချိန် စံညွှန်းများ၊ လိုအပ်ချက်များနှင့်အညီ ညှိနှိုင်းရေးဆွဲထားသော အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းနိုင်ရေး စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာ နည်းဥပဒေများ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်သွားပါမည်။

စားသုံးသူများနှင့် ကုန်သွယ်မှုမိတ်ဖက်များ၏ ယုံကြည်မှုရှိစေရန် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှုရှိစေရန် လိုအပ်ပါသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏

အစားအသောက် ကြီးကြပ်ကွပ်ကဲသော စနစ်သည် သက်ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစားအစာ လုံခြုံစိတ်ချရေးနှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းကြောင်း အစီအမံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်ရန် ကြိုးပမ်း အားထုတ်သင့်ပါသည်။

## ၆။ ယူဆချက်များနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ




ဤမူဝါဒ၏ အမြင်သဘောထားများကို လိုက်နာကျင့်သုံး အကောင်အထည် ဖော်ရာတွင် အောက်ပါ ယူဆချက်များနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေများ ကြုံတွေ့လာနိုင်ပါသည်။

**ယူဆချက်များအနေဖြင့် -**

- နိုင်ငံရေး အားပေးမှု ရှိခြင်း
- ဘက်စုံပေါင်းစည်း ချဉ်းကပ်မှု နည်းလမ်းဖြင့် နိုင်ငံတော်အတွင်း ညှိနှိုင်းပူးတွဲ ဆောင်ရွက်မှု ရှိခြင်း
- အရင်းအမြစ်၊ စွမ်းရည်နှင့် စွမ်းအားများ ပြည့်စုံမှုရှိခြင်း တို့ဖြစ်ပြီး

**ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ အနေဖြင့်**

- သက်ဆိုင်ရာ ပါဝင်သူများ၏ ပူးပေါင်းပါဝင်အားပေးမှုနှင့် တာဝန်ယူတာဝန်ခံမှု နည်းပါးခြင်း၊
- သက်ဆိုင်ရာ ပါဝင်သူများ၏ ပြောင်းလဲလိုစိတ်နည်းပါးခြင်း
- မူဝါဒကိုလိုက်နာ ကျင့်သုံး အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအကြား ညှိနှိုင်း ပူးတွဲဆောင်ရွက်မှုအားနည်းခြင်း

- ရည်ရွယ်သည့် အပြောင်းအလဲနှင့် ရလိုသော အကျိုးရလာဒ်များအပေါ် သဘောပေါက်မှုနှင့် အပြန်အလှန် ဆက်သွယ်မှု အားနည်းခြင်း
- ထိရောက်မှုမရှိသော အပြောင်းအလဲ စီမံခန့်ခွဲမှု
- ထိရောက်မှုမရှိသော လိုက်နာကျင့်သုံး အကောင်အထည် ဖော်ခြင်းတို့ ဖြစ်ပါသည်။

ဖော်ပြပါ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို အောက်ပါ နည်းလမ်းများဖြင့် လျော့ပါး သက်သာစေနိုင်ပါသည်။

- မူဝါဒ လိုက်နာ ကျင့်သုံး အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်း အကြီးအကဲများ၏ သဘောတူညီချက်
- သက်ဆိုင်ရာပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်း ပြတ်သားစွာ သတ်မှတ်မှု
- အဆင့်အားလုံးရှိ အဓိကပါဝင်သူများအချင်းချင်း ဆက်သွယ်ခြင်းနှင့် ညှိနှိုင်းပူးတွဲ ဆောင်ရွက်ခြင်း ပိုမိုကောင်းမွန်ရေး စဉ်ဆက်မပြတ် ဆွေးနွေးခြင်း
- ပြည့်စုံသော စွမ်းအား အရင်းအမြစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဆောင်ရွက်မည့် အစီအမံများ ချမှတ်ခြင်း
- စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြည်လည်သုံးသပ်ခြင်း

## အညွှန်း


1. Asian Development Bank Website: https://www.adb.org/countries/myanmar/main
2. Formulation and Operationalization of National Action Plan for Poverty Alleviation and Rural Development through Agriculture (NAPA), Working Paper-14, June 2016, FAO: http://www.fao.org/3/a-bl842e.pdf
3. World Bank, Research- Myanmar. http://www.worldbank.org/en/country/myanmar/research
4. EU Commission website (Trade Policy): http://ec.europa.eu/trade/policy/countries-and-regions/development/generalised-scheme-of-preferences/
5. ASEAN Economic Community Blueprint 2016-2025
6. Ministry of Health and Sports, Health of Myanmar, 2012
7. Government of the Union of Myanmar, Ministry of Hotels and Tourisms: Responsible Tourism Policy, 2012
8. Government of the Union of Myanmar, Ministry of Planning and Finance, Myanmar Sustainable Development Plan (2018-2030), Aug 2018.
9. ASEAN Food Safety Policy, www.asean.org
10. ASEAN Principles and Guidelines for National Food Control Systems, www.asean.org